Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## လက်ကိုင်မွှေစက်နှင့် မတ်တပ်မွှေစက်(အိမ်သုံးပစ္စည်း)

မော်ဒယ်နံပါတ်. **MK-GH1**

**MK-GB1**



MK-GH1



MK-GB1

## မာတိကာ


| | စာမျက်နှာ |
|---|---|
| **ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ** | ၃ |
| စက်၏အစိတ်အပိုင်းအမည်များ | ၆ |
| လက်ကိုင်မွှေစက်ကို အသုံးပြုပုံ | ၇ |
| မတ်တပ်မွှေစက်ကို အသုံးပြုပုံ (MK-GB1 အတွက်သာ) | ၉ |
| လက်ကိုင်မွှေစက်အားသန့်ရှင်းပုံ | ၁၁ |
| အသေးစိတ်အချက်အလက်များ | ၁၂ |


ပန်နာဆိုးနစ်ထုတ်သောပစ္စည်း ဝယ်ယူအားပေးမှုအတွက်ကျေးဇူးအထူးတင်ရှိပါသည်။

- ဤပစ္စည်းသည် အိမ်သုံးအတွက်သာဖြစ်သည်။
- ကိရိယာအား မှန်ကန်စွာနှင့် လုံခြုံစွာ အသုံးပြုနိုင်ရန် အောက်ပါလမ်းညွှန်ချက်များကို သေချာစွာဖတ်ပါ။
- ဤပစ္စည်းအား အသုံးမပြုမီ “**ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ**” ကို သေချာဖတ်ပါ။(စာမျက်နှာ ၃ – ၅)
- ဤအသုံးပြုပုံလမ်းညွှန်ကိုနောင်တွင်အသုံးဝင်စေရန်သေချာစွာသိမ်းဆည်းထားပါ။

# ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ

**ကျေးဇူးပြု၍အောက်ပါညွှန်ကြားချက်များကိုလိုက်နာပါ။**

အသုံးပြုသူများမတော်တဆထိခိုက်ခြင်းနှင့်ပျက်ဆီးခြင်းတို့မှကာကွယ်ရန်ကျေးဇူးပြု၍အောက်ပါလမ်းညွှန်ချက်များကိုလိုက်နာပေးပါ။

■ **အောက်ပါညွှန်ပြချက်များသည်အသုံးပြုပုံမှားယွင်းမှုကြောင့်ဖြစ်ပေါ်လာမည့်ပျက်စီးဆုံးရှုံးမှုများကိုညွှန်ပြထားခြင်းဖြစ်ပါသည်။**

| | |
|---|---|
| **အရေးကြီးသတိပေးချက် :** ပြင်းထန်သောဒဏ်ရာဒဏ်ချက်(သို့) သေဆုံးခြင်းတို့ဖြစ်နိုင်ပါသည်။ | **သတိပေးချက် :** အနာတရဖြစ်မှုအန္တရာယ်(သို့) ပစ္စည်းပျက်စီးခြင်းတို့ကိုဖြစ်စေနိုင်သည်ဟုညွှန်ပြပါ။ |

■ **သင်္ကေတများကိုအမျိုးအစားခွဲပြီးအောက်ပါအတိုင်းရှင်းပြထားပါသည်။**

| | |
|---|---|
| ဤသင်္ကေတသည်တားမြစ်ထားခြင်းကိုညွှန်ပြပါသည်။ | ဤသင်္ကေတသည်လိုက်နာရမည့်လိုအပ်ချက်များကိုညွှန်ပြပါသည်။ |

## အရေးကြီးသတိပေးချက်

### ပါဝါကြိုးနှင့်ပါဝါပလပ်ကိုမှန်ကန်စွာကိုင်တွယ်ပါ။

- **မီးကြိုး(သို့)ပလပ်ကိုမပျက်စီးပါစေနှင့်။**
  (လျှပ်စစ်ရှော့ခ်ဖြစ်ပေါ်စေနိုင်ခြင်း(သို့) လျှပ်စစ်ပတ်လမ်းတိုကြောင့်မီးလောင်ခြင်းများဖြစ်နိုင်ပါသည်။
- **မီးကြိုး(သို့)ပလပ်ပျက်စီးနေလျှင်(သို့)ပလပ်ခေါင်းနှင့်တပ်ဆင်ရာတွင်ချောင်နေလျှင်စက်ကိုအသုံးမပြုပါနှင့်။**
  (ရှော့ခ်ဖြစ်ခြင်း(သို့)လျှပ်စစ်ပတ်လမ်းတိုကြောင့်မီးလောင်ခြင်းများဖြစ်နိုင်ပါသည်)

  ➡ မီးကြိုးပျက်စီးနေပါကမီးလောင်ခြင်းမှရှောင်ရှားနိုင်ရန်ထုတ်လုပ်သူ၊ ၎င်း၏ဆားဗစ်စင်တာ(သို့)အလားတူအရည်အသွေးပြည့်မီသောပုဂ္ဂိုလ်တစ်ဦးဦးဖြင့်သာလဲလှယ်တပ်ဆင်ရမည်။
- **ပါဝါပလပ်ကိုစိုစွတ်သောလက်များဖြင့်တပ်ခြင်း၊ ဖြုတ်ခြင်းမပြုလုပ်ပါနှင့်။**
  (ထိုသို့ပြုလုပ်ပါကလျှပ်စစ်ဓာတ်လိုက်ခြင်းကိုဖြစ်ပေါ်စေနိုင်သည်။)
- **ပလပ်ကိုသေချာဝင်သည်အထိထည့်ပါ။**
  (ပလပ်ပတ်လည်တွင်အပူထုတ်လုပ်နေနိုင်သောကြောင့်အပူကြောင့်ဖြစ်ပေါ်သောလျှပ်စစ်ရှော့ခ်နှင့်မီးလောင်ခြင်းတို့ကိုဖြစ်ပွားစေနိုင်ပါသည်။)
- **ပါဝါပလပ်ကိုပုံမှန်သန့်ရှင်းရေးပြုလုပ်ပါ။**
  (စိုစွတ်နေသောပါဝါပလပ်သည်အစိုဓာတ်ကြောင့်လျှပ်ကာအားနည်းမှုကိုဖြစ်ပေါ်စေနိုင်ပြီးမီးလောင်စေနိုင်ပါသည်။)
- **ဗို့အားပို၍များခြင်း(သို့)စက်တွင်ဖော်ပြထားသောမီးအားနှင့်မတူညီသောမီးအားကိုအသုံးပြုခြင်းကိုမပြုပါနှင့်။**
  (လျှပ်စစ်ရှော့ခ်(သို့) မီးလောင်မှုဖြစ်နိုင်ပါသည်။ )

  စက်၏သုံးစွဲသောဗို့အားနှင့်သင်၏အိမ်တွင်ရှိလျှပ်စစ်ဗို့အားသည်တူညီရမည်။ တူညီသောပလပ်ခုံအတွင်းတွင်အခြားသောစက်ပစ္စည်းများ၏ပလပ်များကိုတပ်ဆင်ပါကအပူလွန်ကဲပြီးမီးလောင်ကျွမ်းမှုဖြစ်ပွားစေနိုင်ပါသည်။

# ⚠ သတိပေးချက်

**မတော်တဆဖြစ်ပြင်းမှုကာကွယ်ရန် ကျေးဇူးပြု၍အောက်ပါအချက်အလက်များကိုလိုက်နာဆောင်ရွက်ပါ။**

- **လက်ကိုင်မွှေစက်နှင့် မတ်တပ်မွှေစက်ကို ရေထဲတွင်နစ်မြုပ်စေခြင်း (သို့)ရေစက်များစင်ခြင်းများမဖြစ်ပါစေနှင့်။**
  (လျှပ်စစ်ရှော့ခ်(သို့)လျှပ်စစ်ပတ်လမ်း(သို့)ဖြတ်၍မီးလောင်နိုင်ပါသည်။)
- **ဖျက်သိမ်းခြင်း၊ပြင်ဆင်ခြင်းနှင့်ပြုပြင်ခြင်းများမပြုလုပ်ပါနှင့်။**
  (ထိခိုက်ဒဏ်ရာရခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊မီးလောင်ခြင်းတို့ဖြစ်နိုင်ပါသည်)
  → ဆားဗစ်စင်တာကိုဆက်သွယ်၍ပြုပြင်ပါ။
- **လေဝင်လေထွက်ပေါက်(သို့)ဟနေသောနေရာထဲသို့မည်သည့်အရာဝတ္ထုမှမထည့်ပါနှင့်။**
  အထူးသဖြင့်ပင်များ(သို့)ဝါယာများကဲ့သို့သောသတ္တုပစ္စည်းများ
  (စက်ချို့ယွင်းခြင်း(သို့)လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများဖြစ်နိုင်ပါသည်။)

- **ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘ အုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။**
  (၎င်းသည်မီးလောင်ခြင်း(သို့)လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများဖြစ်နိုင်ပါသည်။)
- **ပုံမှန်မဟုတ်ပဲအလုပ်လုပ်ဆောင်ခြင်း(သို့)ပျက်စီးခြင်းများတွေ့ရှိပါကအသုံးပြုခြင်းကိုချက်ချင်းရပ်လိုက်ပြီးပလပ်ကိုချွတ်ပါ။**
  (၎င်းသည်ထိခိုက်ဒဏ်ရာရစေခြင်း(သို့)လျှပ်စစ်ရှော့ခ်ဖြစ်စေခြင်း၊ မီးလောင်ခြင်းများကို ဖြစ်ပွားစေနိုင်ပါသည်။)
  ဥပမာ –ပုံမှန်မဟုတ်သောအလုပ်လုပ်ဆောင်ခြင်း(သို့)ပျက်စီးမှုများအတွက်
  - ပလပ်နှင့်ကြိုးသည်ပုံမှန်မဟုတ်ဘဲပူလာသည်။
  - မီးကြိုးပျက်စီးသည် (သို့) မီးအားချို့ယွင်းမှုဖြစ်ပေါ်သည်။
  - အသုံးပြုနေစဉ်အတွင်းပုံမှန်မဟုတ်သော ဆူညံသံများထွက်ပေါ်လာသည်။

  → ကျေးဇူးပြု၍စက်မှပလပ်ကိုချက်ချင်းချွတ်၍ဆားဗစ်စင်တာနှင့်ဆက်သွယ်၍အကြံဉာဏ် (သို့)ပြုပြင်မှုရယူပါ။


# ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ

ကျေးဇူးပြု၍အောက်ပါညွှန်ကြားချက်များကိုလိုက်နာပါ။

## ⚠ သတိပေးချက်

**ထိခိုက်ဒဏ်ရာ (သို့) မီးလောင်ခြင်းများမဖြစ်စေရန် အောက်ပါအချက်များကို လိုက်နာပါ**

- **အပူထွက်သောနေရာအနီးတွင်ဤစက်ကိုအသုံးမပြုပါနှင့်။**
- **မွှေစက်ကိုမတ်တပ်အထိုင်တွင်တပ်ထားသောအခါ မညီမညာသော မျက်နှာပြင်ပေါ်တွင် အသုံးမပြုပါနှင့်။**
- **ဤစက်ကိုရည်ရွယ်ထားသည့် အသုံးပြုမှုများမှ အပ အသုံးမပြုပါနှင့်။**
- **လက်ကိုင်မွှေစက်နှင့် အောက်ခြေအထိုင်ကြား လက်ချောင်းများ မထားပါနှင့်။**
- **ပန်းကန်လုံးအတွင်းသို့ ပူသောအရည်များမထည့်ပါနှင့်။**
  (၎င်းသည် အပူလောင်နိုင်ပါသည်။)





- **လက်များ၊ ဇော်ပြား (သို့) အခြားအသုံးအဆောင် စသည်တို့ကို ရွေ့လျားနေသောပစ္စည်းဖြစ်သည့် အောက်သို့ဖိချရသောမောင်းတံ (Beater) သို့မဟုတ် တွန့်လိပ်နေသော ပုံသဏ္ဍာန်ရှိ ချိတ်ဖြင့်နှီး ကပ်စွာ မထားပါနှင့်။**
- **ပါဝါပလပ်ကို ပလပ်ပေါက်မှ ဖြုတ်ရာတွင် ပလပ်ခေါင်းမှ ကိုင်၍ဖြုတ်ပါ။ ပါဝါကြိုးကို လက်ဖြင့် ကိုင်၍ မဖြုတ်ပါနှင့်။**
  (ထိုသို့မဟုတ်လျှင် လျှပ်စစ်ဆိုင်ရာရှော့ခ် ဖြစ်ခြင်း (သို့) လျှပ်စီးပတ်လမ်းကြောင့် မီးလောင်ခြင်းများ ဖြစ်နိုင်သည်။)
- **စက်ကို အသုံးမပြုလျှင် ပါဝါပလပ်ကို ဖြုတ်ပါ။**
  (ထိုသို့မဟုတ်လျှင် လျှပ်စစ်ဆိုင်ရာရှော့ခ်ဖြစ်ခြင်း (သို့ )လျှပ်စစ်ယိုစိမ့်မှုကြောင့် မီးလောင်ခြင်းများ ဖြစ်နိုင်သည်။)
- **ဆက်စပ်ပစ္စည်းများကို ပြောင်းလဲတပ်ဆင်ခြင်း (သို့ )ရွေ့လျားနေသော အစိတ်အပိုင်းများကိုချဉ်းကပ်ရာတွင် စက်ကို ခလုတ်ပိတ်ပြီး လျှပ်စစ်မီးပါဝါ ထောက်ပံ့မှုကို ဖြုတ်တောက်လိုက်ပါ။**
- **ပလပ်ဖြုတ်လျှင် ခလုတ်ကို “O” အမှတ်သို့ ရွှေ့ထားပါ။**
  သန့်ရှင်းခြင်း(သို့ ) ဖြုတ်ခြင်း၊ တပ်ခြင်းများ မပြုလုပ်မီ နှင့် ကြည့်ရှုသူရှိလျှင် စက်မှ မီးပလပ်ကို ပလပ်ပေါက်မှ အမြဲဖြုတ်ထားပါ။
  ကလေးများကို လူကြီးများ၏ ကြီးကြပ်မှု မပါဘဲ ဤစက်ကို အသုံးပြုခွင့်မပေးပါနှင့်။

**အရေးကြီးသတင်းအချက်အလက်များ**

- **စက်မပျက်စေရန်စက်ကို အောက်သို့မပြုတ်ကျစေပါနှင့်။**
- **လက်ကိုင်မွှေစက်ကို မတ်တပ်အထိုင်တွင် ထည့်ထားစဉ် မတ်တပ်မွှေစက်ကို မရွှေ့ပါနှင့်။**

# စက်၏အစိတ်အပိုင်းအမည်များ




## ရောစပ်လမ်းညွှန်

| အမြန်နှုန်း | အားဖြင့်ဖိသည့်နေရာ | မွှေစက်တွင်တပ်ဆင်ရမည့်တွန့်လိမ်နေသောချိတ်များ(ဂျုံနယ်ချိတ်) |
|---|---|---|
| | ရောစပ်ခြင်း/မွှေခြင်း | နယ်သည် |
| ၁ ⟷ ၅<br>နိမ့် မြင့် | မရိုးနိစ်<br>ကွတ်ကီးမှုန့်<br>ကိတ်မုန့်အရောအနှော<br>အမြှုပ်ပွခရင်မ်<br>ဥများ | ပေါင်မုန့် |

※ "0" တွင်ခလုတ်ကိုထားခြင်းသည်ပိတ်ထားသည့်အခြေနေဖြစ်သည်။

# လက်ကိုင်မွှေစက်ကိုအသုံးပြုပုံ

## စလုပ်ရန်ပြင်ဆင်ခြင်း

- **ပါဝင်ပစ္စည်းများနှင့်ပန်းကန်လုံးကိုယူပါ။**
  - ပါဝင်ပစ္စည်းများလျှံမထွက်စေရန်ပန်းကန်လုံးနက်နက်ကိုသုံးပါ။
  - ပလတ်စတစ်ပန်းကန်လုံး၊ အလူမီနီယမ်ပန်းကန်လုံးများသည်အလွယ်တကူခြစ်မိနိုင်သောကြောင့်မသုံးပါနှင့်။
  - ပန်းကန်လုံးထဲသို့ပါဝင်ပစ္စည်းများကိုမွှေတံ၏လက်များထက်မြင့်အောင်မထည့်ပါနှင့်။
  - မာ၍ပျစ်သောပစ္စည်းများအတွက်မုန့်ညက်ချိတ်ကိုသုံးပါ။ ဥပမာ–
    - ဂျုံ
    - ထောပတ်

      (မွှေတံများကိုအသုံးပြုလိုပါကအခန်းအပူချိန်တွင်ထားပါ။)

## စက်အားတပ်ဆင်ခြင်း


၁ စက်ကိုယ်ထည်ကိုပလပ်ခုံမှဖြုတ်ပြီးခလုတ်သည် “ 0 ”အနေအထားတွင်ရှိရမည်။

၂ မွှေတံများ(သို့)မုန့်ညက်ချိတ်များကိုစက်ကိုယ်ထည်ပိုင်း၏ဘေးရှိအပေါက်များတွင်ထိုးပါ။

- မွှေတံ(သို့) မုန့်ညက်ချိတ်များကိုနှစ်ခုစီသုံးပါ။




- မွှေတံကိုမြှား၏လားရာအတိုင်းချက်ကနဲအသံကြားသည်အထိထိုးပါ။





- မုန့်ညက်ချိတ်ကိုပိုက်ဆက်ကွင်းနှင့်အတူစက်ကိုယ်ထည်၏ဘေးရှိပိုကြီးသောအပေါက်တွင်ထိုးပါ။

## အသုံးပြုပုံ



# လက်ကိုင်မွှေစက်ကိုအသုံးပြုပုံ

## အသုံးပြုပုံ

မြန်မာ

၁ စက်ခလုတ်အား “0” အနေအထားထား၍ပလပ်ထိုးပါ။

၂ ပန်းကန်လုံးတွင်မွှေတံ(သို့) မုန့်ညက်ချိတ်ကိုထည့်ပါ။

၃ ခလုတ်ကိုဖွင့်၍စတင်ပါ။

① မွှေတံများ၊မုန့်ညက်ချိတ်များကိုခလုတ်အောက်ခြေအထိထည့်၍ခလုတ်ကိုဖွင့်ပါ။

② စာမျက်နှာ ၇ “ရောနှောခြင်းလမ်းညွှန်” တွင်ဖော်ပြထားသည့်အသုံးပြုပုံအတိုင်းအရှိန်ညှိပါ။

③ အချိုးကျကျရောမွှေနိုင်ရန်ပန်းကန်လုံးထဲတွင်လက်ကိုင်မွှေစက်ကိုရွှေ့ပါ။

- ပါဝင်ပစ္စည်းပမာဏနည်းပါကပန်းကန်လုံးကိုစောင်းပေးခြင်းဖြင့်ကောင်းမွန်စွာ မွှေနိုင်ပါသည်။
- လက်ကိုင်မွှေစက်အားငါးမိနစ်ထက်ပို၍ဆက်တိုက်မသုံးပါနှင့်။
- မွှေတံများ၊ မုန့်ညက်ချိတ်များလည်နေသေးပါကဆွဲထုတ်ခြင်းမပြုပါနှင့်။ (ပါဝင်ပစ္စည်းများလျှံထွက်နိုင်ပါသည်။)

### စက်လည်ပတ်နေစဉ်မွှေတံများ၊ မုန့်ညက်ချိတ်များလည်ပတ်မှုနှေးခြင်း(သို့)ရပ်သွားခြင်းဖြစ်သည့်အခါ

- ခလုတ်ကိုပိတ်၍မွှေတံများ၊ မုန့်ညက်ချိတ်များတွင်ညပ်နေသောပါဝင်ပစ္စည်းများကိုဖယ်ပါ။
  * ပါဝင်ပစ္စည်းများသည်ပမာဏများနေပါကအနည်းငယ်လျှော့ချပါ။
  (မလျှော့သုံးပါကစက်ချို့ယွင်းနိုင်ပါသည်။)

၄ ခလုတ်ကို “0” အနေအထားထား၍လက်ကိုင်မွှေစက်ကိုပိတ်ပါ။

၅ ပါဝါခလုတ်ကိုဖြုတ်ပါ။


# မတ်တပ်မွှေစက်ကိုအသုံးပြုပုံ

## စလုပ်ရန်ပြင်ဆင်ခြင်း

### ● ပါဝင်ပစ္စည်းများနှင့်ပန်းကန်လုံးကိုယူပါ။

- ပေးထားသောပန်းကန်လုံးများကိုအသုံးပြုပါ။
- ပါဝင်ပစ္စည်းပမာဏအနည်းငယ်သာမွှေမည်ဆိုပါကလက်ကိုင်မွှေစက်ကိုသုံးခြင်းသည်ပို၍ကောင်းပါသည်။
- ပန်းကန်လုံးထဲသို့ပါဝင်ပစ္စည်းများကိုမွှေတံ၏လက်များထက်မြင့်အောင်မထည့်ပါနှင့်။

## စက်အားတပ်ဆင်ခြင်း




### ၁ စက်ကိုယ်ထည်ကိုပလပ်ခုံမှဖြုတ်ပြီးခလုတ်သည် “ 0 ”အနေအထားတွင်ရှိရမည်။

### ၂ ကိုယ်ထည်တွင်မွှေတံကိုတပ်ဆင်ပါ။ (စာမျက်နှာ ၈)


- မုန့်ညက်ချိတ်ကိုမတ်တပ်မွှေစက်တွင်မသုံးပါနှင့်။
  (ပါဝင်ပစ္စည်းများကိုကောင်းမွန်စွာမမွှေနိုင်ခြင်းမျိုးဖြစ်နိုင်သည်။)

### ၃ လက်ကိုင်မွှေစက်ကိုစက်ခုံပေါ်တွင်တင်ပါ။

(၁) စက်ကိုယ်ထည်၏အရှေ့ဘက်အပေါက်များကိုမွှေစက်အထိန်း၏အစွန်းသို့အံဝင်ခွင်ကျဖြစ်အောင်လှည့်ထည့်၍မွှေစက်အထိန်း၏အနောက်ဘက်အစွန်းကိုရွှေ့ပါ။

(၂) မွှေစက်၏အနောက်ဘက်အစွန်းကိုချက်ကနဲအသံကြားသည်အထိဖိချပါ။

- လက်ကိုင်ကိုစက်ပေါ်တွင်တပ်ဆင်ထားချိန်တွင်အားအလွန်အကျွံမသုံးပါနှင့်။



# မတ်တပ်မွှေစက်ကိုအသုံးပြုပုံ

## အသုံးပြုပုံ

မြန်မာ

၁ ပန်းကန်လုံးကိုဆုံလည်ပေါ်တွင်တင်ပါ။

၂ လက်ကိုင်မွှေစက်ကိုစက်ခုံပေါ်တွင်တင်ပါ။ (စာမျက်နှာ ၁၀)

၃ စက်ခလုတ်အား “0” အနေအထားပြောင်း၍ပလပ်ထိုးပါ။

၄ ခလုတ်ဖွင့်၍စတင်ပါ။

- စာမျက်နှာ ၇ ရှိ “ရောနှောခြင်းလမ်းညွှန်” တွင်ဖော်ပြထားသည့်အသုံးပြုပုံအတိုင်းအရှိန်ညှိပါ။
- ပါဝင်ပစ္စည်းများကိုရောပါကပန်းကန်လုံးကိုနာရီလက်တံပြောင်းပြန်အတိုင်း လက်အားဖြင့်လှည့်ပါ။
- လက်ကိုင်မွှေစက်အားငါးမိနစ်ထက်ပို၍ဆက်တိုက်မသုံးပါနှင့်။
- မွှေတံများလည်နေသေးပါကဆွဲထုတ်ခြင်းမပြုပါနှင့်။ (ပါဝင်ပစ္စည်းများလွှံထွက်နိုင်ပါသည်။)

## စက်လည်ပတ်နေစဉ်မွှေတံများ၊ မုန့်ညက်ချိတ်များလည်ပတ်မှုနှေးခြင်း(သို့)ရပ်သွားခြင်းဖြစ်သည့်အခါ

- ခလုတ်ကိုပိတ်၍မွှေတံများတွင်ညပ်နေသောပါဝင်ပစ္စည်းများကိုဖယ်ပါ။
  * ပါဝင်ပစ္စည်းများသည်ပမာဏများနေပါကအနည်းငယ်လျှော့ချပါ။
  (မလျှော့သုံးပါကစက်ချို့ယွင်းနိုင်ပါသည်။)

၅ ခလုတ်ကို “0” အနေအထားထား၍လက်ကိုင်မွှေစက်ကိုပိတ်ပါ။

၆ ပန်းကန်လုံးအောက်ခြေဇါဘေးရှိခလုတ်ပိတ်ကာ လက်ကိုင်မွှေစက်ကိုစောင်းပြီး(သို့) ဖယ်ပြီးပန်းကန်လုံးကိုယူပါ။

# လက်ကိုင်မွှေစက်အားသန့်ရှင်းပုံ

## သန့်ရှင်းခြင်း


### (မွှေတံများ(သို့) မုန့်ညက်ချိတ်များကိုဖြုတ်ပါ။)



● မွှေတံနှင့်မုန့်ညက်ချိတ်များကိုဖြုတ်ရန် ဖြုတ်သောခလုတ်ကိုနှိပ်ပါ။

* မွှေတံနှင့်မုန့်ညက်ချိတ်များကိုကြမ်းပြင်ပေါ်တွင်မပြုတ်ကျပါစေနှင့်။
(ပြုတ်ကျပါကမွှေတံနှင့်မုန့်ညက်ချိတ်များရဲ့ စောင်းသွားနိုင်ပါသည်။ )

### (လက်ကိုင်မွှေစက်ကိုစက်ခုံမှဖြုတ်ပါ။ )



● မွှေစက်၏အောက်ခြေဘေးဘက်တွင်ရှိသောဖြုတ်သည့်ခလုတ်ကိုနှိပ်၍ပုံတွင်ပြထားသည့်မြှားအတိုင်းလက်ကိုင်ကိုဘေးတိုက်စောင်းပါ။

### (လက်ကိုင်မွှေစက်၏အစိတ်အပိုင်းတစ်ခုစီကိုသန့်ရှင်းခြင်း )

● **စက်၏ကိုယ်ထည်၊ စက်ခုံ၊ ဆုံလည်**
ရေသေချာညှစ်ထားသောအဝတ်ဖြင့်သုတ်ပါ။
* ထိုပစ္စည်းများကိုရေပိုက်ခေါင်းအောက်တွင် ဆေးခြင်း၊ ရေစိမ်ခြင်းမပြုပါနှင့်။
(စက်ချွတ်ယွင်းခြင်းကိုဖြစ်စေနိုင်ပါသည်။)

● **မွှေတံများ၊ မုန့်ညက်များ၊ ပန်းကန်လုံး**
ထိုပစ္စည်းများကိုဆပ်ပြာရည်(သာမန်)နှင့်ရေမြုပ်ဖော့ကိုသုံး၍ဆေးပါ။

● **ပန်းကန်ဆေးစက်ဖြင့်မဆေးပါနှင့်။**
(ပလတ်စတစ်ပုံပျက်ခြင်းများဖြစ်နိုင်ပါသည်။)

● **ဘန်ဇင်း၊ တင်နာ၊ သန့်စင်ဆေး၊ သံစ၊ နိုင်လွန်ဖော့များဖြင့်မဆေးပါနှင့်။**

(ပလတ်စတစ်အပိုင်းများကိုပျက်စီးစေနိုင်သည်။)

# အသေးစိတ်အချက်အလက်များ

| | | လက်ကိုင်မွှေစက် | မတ်တပ်မွှေစက် |
|---|---|---|---|
| မွှေစက်၏လျှပ်စစ်ပမာဏ | | ၂၂၀–၂၄၀ဗို့ ~ ၅၀/၆၀ဟတ်စ် | |
| မွှေစက်၏လျှပ်စစ်သုံးစွဲမှုပမာဏ | | ၂၀၀၀ဝပ် | |
| မွှေစက်ယန္တရားလည်ပတ်မှု အပတ်(ခန့်မှန်းခြေ) | ၁ | ၈၀၀ပတ်/၁မိနစ် | |
| | ၂ | ၈၇၀ပတ်/၁မိနစ် | |
| | ၃ | ၉၅၀ပတ်/၁မိနစ် | |
| | ၄ | ၁၀၃၀ပတ်/၁မိနစ် | |
| | ၅ | ၁၀၃၀ပတ်/၁မိနစ် | |
| မွှေစက်၏အသုံးပြုမှုနှုန်း(အများဆုံး) | | ၅မိနစ် | |
| မွှေစက်၏အလေးချိန် (ခန့်မှန်းခြေ) | | ၁.၂ကီလိုဂရမ် | ၂.၁ကီလိုဂရမ် |
| မွှေစက်၏အတိုင်းအတာပမာဏ(ခန့်မှန်းခြေ) | အလေးချိန် | ၈.၈ စင်တီမီတာ | ၂၀.၁စင်တီမီတာ |
| | အနံ | ၁၈.၄ စင်တီမီတာ | ၂၇.၈ စင်တီမီတာ |
| | အမြင့် | ၁၃.၄ စင်တီမီတာ | ၃၃.၁ စင်တီမီတာ |
| မီးကြိုးအရှည် | | ၁.၇ မီတာ | |

Panasonic Taiwan Co., Ltd.
579, Yuan Shan Road, Chung-Ho District,
New Taipei City,Taiwan P.C:23501